ဝင်းငြိမ်း နှင့် စာရေးဆရာများ

ကျော်မြသန်း ၊ ကျော်အောင်
ကြူကြူသင်း ၊ ကြည်မြ ၊
ကြည်အောင်၊ ခင်ဆွေဦး၊
ခင်နှင်းယု၊ ခင်မျိုးချစ်၊ ဂျူး
ငြိမ်းကျော်၊ စိန်ခင်မောင်ရီ
စိန်လွင်လေး ၊ တက်တိုး
စန်းစန်းနွဲ့(သာယာဝတီ)
ဆန်းထွန်း(မန်းတက္ကသိုလ်)
ဆွေဆွေအောင်
ဆင်ဖြူကျွန်းအောင်သိန်း
ဇော်ဂျီ၊ မင်းသုဝဏ်၊ တင်မိုး၊
တက္ကသိုလ်ဘုန်းနိုင်
တက္ကသိုလ်မင်းမော်၊
တက္ကသိုလ်မြစိမ်း၊ ထီလာစစ်သူ
ဒဂုန်တာရာ ၊ ဒေါ်ခင်ခင်ချော
ဒေါင်းနွယ်ဆွေ၊ နုနုရည်(အင်းဝ)
နေနွယ်ဇင်မြင့်၊ နတ်နွယ်
၊ နန်းညွန့်ဆွေ ၊ နွမ်ဂျာသိုင်း၊ ပါရဂူ
ပြေဆေး(၂)၊ ဗန်းမော်ညီနွဲ့ ၊ မစန္ဒာ၊
မလေးလုံ ၊ မအေးလေး၊ မင်းလူ
မင်းသိင်္ခ၊ မောင်စိန်ဝင်း မောင်စွမ်းရည်
မောင်ဝဏ္ဏ ၊ မောင်သော်က
မောင်သာရ၊ မောင်သိန်းဆိုင်၊ မြနောင်းညို
မြသန်းတင့်၊ ရန်ကုန်ဘဆွေ၊ ဝင်းမောင်ထွန်း
သာဂနိုး၊ သာမု ၊ သုမောင်၊ သော်တာဆွေ
အထောက်တော်လှအောင် ၊ အောင်သင်း

စာရေးဆရာများ(နှင့်) တွေ့ဆုံမေးမြန်းခြင်း

အမှာစကား

၁၉၈၂ ခုနှစ် လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်က ဆရာဦးမြလှိုင် ထုတ်ဝေခဲ့တဲ့ ပေဖူးလွှာ ဆိုတဲ့ မဂ္ဂဇင်းကြီးမှာ ကျွန်တော်က တစ်တပ်တစ်အား ပါဝင်ပြီး စာရေးဆရာများနဲ့ တွေ့ဆုံမေးမြန်းခြင်းကဏ္ဍကို တာဝန်ယူခဲ့ပါတယ်။ ဆရာဦးမြလှိုင်နဲ့ ကျွန်တော့်အဖေ(ကျားဘညိမ်း)တို့က ညီရင်းအစ်ကိုတွေလို ခင်ကြတော့ သူ ထုတ်ဝေသူဖြစ်လာချိန်မှာ ကျွန်တော်တို့လည်း ဝိုင်းကူကြတာပေါ့။ ကျွန်တော့်ညီ မျိုးမြင့်ညိမ်းက အယ်ဒီတာအဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ဆရာဦးမြလှိုင်က ကျွန်တော့်ကိုတော့ အင်တာဗျူးတာဝန်ယူလို့ ဆိုပါတယ်။ အဲဒီကာလက ကျွန်တော်က ပျော်ဘွယ်စိုးမြင့်အောင် ထုတ်နေတဲ့ ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှာ ရုပ်ရှင်မင်းသား မင်းသမီးတို့၊ အဆိုကျော်တို့ကို တွေ့ဆုံမေးမြန်းပြီး ရေးနေချိန်ပါ။ ဆရာဦးမြလှိုင်တာဝန်ပေးချက်အရ လူငယ်တွေကြား ရေပန်းစားနေတဲ့ ‘ဝိုင်းရဲ့ဆည်းဆာ’ စီးရီးနဲ့ အောင်မြင်နေတဲ့ အဆိုကျော် ခင်မောင်တိုးကို အင်တာဗျူးလိုက်ပါတယ်။

အဲဒီ ကာလမှာ ‘သပြေ’ မဂ္ဂဇင်းကလည်း အောင်မြင်နေပြီး ဆရာမောင်တည်ငြိမ်က အဆိုကျော် အင်တာဗျူးတွေ လုပ်နေပါတယ်။ ဒုတိယလကျတော့ ဆရာဦးမြလှိုင်က အဆိုကျော်မလုပ်နဲ့၊ စာရေးဆရာအင်တာဗျူးလုပ်ပါလို့ တိတိကျကျ တာဝန်ပေးလာပါပြီ။ မင်းသား၊

မင်းသမီး၊ အ
ဘူး။ ငယ်င
ဖူးတယ်။ အ
ရေးပြတာပါ
ဆေးပြင်းလိ
အရိုင်းစံပါပ

ပေ
မှာ ငွေတစ်
အဲ့ဒီကာလမှ
သူ့ဝတ္ထုတွေ
စာတည်း ဦး
လက်ထဲမှာ
ခေါ်ပြီး မေး

ကျ
တော့ ဆရာ
လုပ်ကြရပါ
တ

ခဆိုတော်တွေကို တစ်ရေးနိုးထ,ဗျူးခိုင်းရင်တောင် ဗျူးလိုရပေမဲ့ စာရေးဆရာနဲ့ ပတ်သက်လို့ ဘာမှမသိပါ ယ်တုန်းက မြဝတီမဂ္ဂဇင်းထဲမှာ ဆရာမောင်ဌေးကြွယ်က ဆရာအောင်လင်းအကြောင်း ရေးတာ ဖတ်ရ ခင်တာဗျူးရယ်လို့ တိတိပပတော့ မဆိုလောက်ပါဘူး။ စကားပြောနဲ့ ဆရာအောင်လင်းအကြောင်း ပြန် ။ ဆရာက ဂျာကင်အင်္ကျီဝတ်ထားပြီး ကော်လာမှာ သားမွေးတွေ တပ်ထားပါတယ်။ လက်ကြားမှာ ပ်ညှပ်ပြီး ငေးနေပါတယ်။ ကျွန်တော်က ဆရာအောင်လင်းရဲ့ **ဗေဒါ၊ မောင့်မမငြိမ်း၊ တရံရောအခါ၊ ယ်၊ နီလာ** တို့ ဖတ်ခဲ့သူဆိုတော့ စိတ်ထဲမှာ စွဲနေအောင် မှတ်မိနေပါတယ်။

ပဖူးလွှာအတွက် ပထမဆုံး အင်တာဗျူးလုပ်ရမယ့် သူက ဆရာမ စမ်းစမ်းနွဲ့သာယာဝတီတဲ့။ လက်ထဲ မတ်နဲ့ ငါးကြင်းခေါင်း တက်ကိုင်တယ် ဆိုတာမျိုး။ ကျွန်တော့်ကလောင်က ပါချည်ပါချဲ့။ ဆရာမက ာ **ခေါက်ထီးလေးမလုံ့တလုံ၊ ကမ္ဘာကြီးနဲ့ ကိုင်ပေါက်မယ်** စတဲ့ ဝတ္ထုတွေနဲ့ နာမည်ကြီးနေချိန်ပါ။ အားလုံးနီးပါး ဖတ်၊ မေးစရာမေးခွန်းတွေ ထုတ်၊ ရပြီ။ ကျွန်တော် အဆင်သင့်ဖြစ်ပြီဆိုတော့ တာဝန်ခံ ခင်မောင်မြင့်နဲ့ အယ်ဒီတာအဖွဲ့ဝင် ဖျာပုံနီလုံဦးတို့နဲ့ ဆရာမနေတဲ့ အနောက်ရန်ကင်းကို ချီတက်ကြတယ်။ အိမ်က ကက်ဆက်အကြီးကြီး သယ်သွားရသေးတယ်။ ဆရာမလို့ မခေါ်တတ်သေးတော့ ‘မမ’ လို့ပဲ ခဲ့ပါတယ်။ ပါလာတဲ့ ဓာတ်ပုံဆရာ တက္ကသိုလ်အေးမြင့်က ဓာတ်ပုံတွေ ရိုက်ပေါ့။

ျွန်တော်တို့မှာက စာရေးဆရာအင်တာဗျူးမှာ ဘယ်လိုပုံတွေ ထည့်ကြမယ်ဆိုတဲ့ အတွေ့အကြုံက မရှိသေး နွမ်ဂျာသိုင်း၊ ဆရာငြိမ်းကျော်၊ ဆရာမောင်စိန်ဝင်း တို့ဆိုရင် ကိုအေးမြင့် ခိုင်းသလို မင်းသားပုံစံတွေ တယ်။ နောက်ပိုင်း အသားကျလာတော့မှ တည်တည်ငြိမ်ငြိမ် ဖြစ်သွားပါတယ်။

စ်ယောက်ပြီးတစ်ယောက် အင်တာဗျူးလာခဲ့ရာက စာတည်းချုပ်က စာရေးဆရာတစ်ယောက်ကို တစ်လပဲ

ပေးမယ်၊ သိပ်အများကြီးမမေးနဲ့ ဆိုတာကြောင့် ပိုအရေးကြီးတာတွေကို ရွေးမေးရပါတယ်။ ဆရာသာစုကို ဗျူးပါဆိုတော့ ကျွန်တော် ပျော်သွားတယ်။ ဆရာ့ရဲ့ 'အတာ'က ကျွန်တော် ငယ်ဘဝမှာ မျက်ရည်စက်လက် ဖတ်ခဲ့ရတဲ့ ကလေးတစ်ယောက်အကြောင်း ဝတ္ထုကိုး။ အင်တာဗျူးမှာ နှိုက်ထုတ်မေးတော့မှ ဆရာက အတာဟာ သူပါပဲလို့ ဝန်ခံလိုက်တာကြောင့် သူ့သားတွေ အံ့သြကြရတယ်။ ဆရာ့ အင်တာဗျူးက တစ်လနဲ့ ဖြတ်လို့ မရနိုင်တာကြောင့် စာတည်းချုပ်က နှစ်လ ခွင့်ပြုလိုက်ပါတယ်။ အဲဒီကအစ ကျွန်တော် အချုပ်အနှောင်မရှိ မေးခွင့်ရသွားပါတယ်။

ကိုယ့်ထက် အသက်ကြီးတဲ့ ဆရာကြီးတွေ ဆရာမကြီးတွေကို တွေ့ရဆုံရ မေးမြန်းရတာကို ပျော်လာတယ်။ ကျန်းမာရေးမကောင်းလို့ ကုက္ကိုင်းရေကူးကန်နားက ပြည်ထောင်စုလမ်းလို့ ခေါ်တဲ့ နေရာမှာ တိုက်တစ်လုံးထဲ၊ ခွေးတစ်ကောင်နဲ့ တစ်ယောက်တည်း နေတဲ့ ဆရာမကြီး ဒေါ်ခင်နှင်းယု(နှောင်မှာ စုမေလို့ ကျွန်တော် ခေါ်ပါတယ်။)၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး အဆက်အသွယ်နဲ့ တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပြီး နှောင်မှာ စုမေစာတွေ ပြန်ရေးဖြစ်လာပါတယ်။ နာမကျန်းဖြစ်တဲ့အချိန် ရန်ကုန်ဆေးရုံကြီးပေါ် ဆေးကုသဖို့အတွက် လိုအပ်တဲ့ စရိတ်တွေ လှူနိုင်တဲ့ သူတွေဆီက အလှူခံပေးတဲ့အထိ ချစ်ခဲ့ပါတယ်။ စုမေကလည်း ကျွန်တော့်အမေရဲ့

ရင်ထဲက အစိုင်အခဲကို ချေဖျက်ပေးဖို့ အ
ရေးပေးခဲ့ပါတယ်။

ဆရာတက္ကသိုလ်ဘုန်းနိုင်ကို အင်
ကျွန်တော့် စိတ်ကြိုက်ဆရာဖြစ်နေတာကိုး။ ဒ
တွေ မမေးရဘူးလို့ ကြိုပြောထားပါတယ်။ ဆ
တည်းလေ့ရှိလို့ပါ။ ကျွန်တော်ရောက်သွားပြီး
နှစ်ယောက်ကြားမှာ ဆရာဦးမြလှိုင်က ထိုင်
ဆရာ့ကို ကြည့်လိုက်၊ လုပ်ရင်း ပက်လက်
တွေ့နေရပါလျက် ကျွန်တော်မေးချင်တာကို

စာရေးဆရာတစ်ယောက်က သူဖန်
လေ့ရှိတယ်လို့ ကျွန်တော်ယုံတယ်။ ဒါကြေ
ချင်ဖြတ်ပလေ့စေ ဆိုပြီး မေးချလိုက်ပါတယ်။
ဘာဖြစ်လို့လဲ ဆရာ'။ ဆရာဦးမြလှိုင်က မျ
သူပါ။ ဆရာဘုန်းနိုင်က ရန်ကင်းတိုက်ခန်း ဝ
လက်က ပုတီးကို ကုလားထိုင် လက်တန်းမှ
ထွက်မလာပါဘူး။ ကျွန်တော် စိတ်ကြိုက်ဖြစ်
ချိန်မှာ ကျွန်တော် ဆရာ့ကို အမေးချင်ဆုံး မေး

မ့အကြောင်းကို ‘**ချစ်ခြင်းကို အားပြု၍**’ ဆိုတဲ့ ဝတ္ထုပုံစံ အတ္ထုပ္ပတ္တိ

ဘဗျူးရမယ် ဆိုတော့ လူက ခေါင်းထဲက မြင်းလို တက်ကြွနေတယ်။
ါပေမဲ့ ဆရာဦးမြလှိုင်က သူ့အိမ်၊ သူ့ရှေ့မှာ မေးရမယ်၊ ကလေးကလား
ဆရာဘုန်းနိုင်က ဆရာဦးမြလှိုင် ရန်ကင်း တိုက်ခန်း အောက်ဆုံးထပ်မှာ
နောက်မှ ဆရာဘုန်းနိုင် တက်လာပါတယ်။ မေးမယ့်သူနဲ့ ဖြေမယ့်သူ
နေပါတယ်။ ကျွန်တော်မေးရင် ကျွန်တော့်ကို ကြည့်လိုက်၊ ဆရာဖြေရင်
ကုလားထိုင်မှာ ပုတီးစိပ်နေပါတယ်။ ကျွန်တော်တွေ့ချင်တဲ့ ဆရာကို
မမေးရဘူး ကန့်သတ်ထားတော့ စိတ်က ကျဉ်းကျပ်နေတယ်။
ကီးတဲ့ ဇာတ်ကောင်မှာ သူ့ကိုယ်ရေးကိုယ်တာ အရိပ်အငွေ့တွေ ထည့်သွင်း
ာင့် မေးချင်တဲ့ မေးခွန်းက နှုတ်ခမ်းဖျားရောက်နေပြီ။ နောက်မှ ဖြတ်
‘ဆရာ့ဝတ္ထုတွေမှာ အမျိုးသားဇာတ်ကောင်တွေက အမြဲ ဆင်းရဲကြတယ်၊
တ်လုံးပြူးပြီး ကြည့်တယ်။ သူက ဆင်းရဲတာကို မမြင်၊ မကြား၊ မသိတဲ့
ရှန်တာကို ငေးသွားတယ်။ ချက်ချင်းမဖြေပါဘူး။ ဆရာဦးမြလှိုင်ကတော့
ာ ချိတ်ပြီး ဘုရားခန်းထဲ ဝင်သွားလိုက်တာ ဆရာဘုန်းနိုင် ပြန်တဲ့အထိ
ပြီး မေးချင်တာ မေးတော့တာပါပဲ။ အင်တာဗျူးပြီးလို့ ကက်ဆက်ပိတ်ပြီး
ခွန်းတစ်ခု မေးလိုက်ပါတယ်။ မရေးပါဘူးလို့လည်း အာမခံလိုက်ပါတယ်။

‘ဆရာ··· ခိုင်နဲ့ တွေ့သေး
ပက်ပင်းတွေ့တယ်ဗျ’တဲ့။ ‘လှ
ပါပြီဗျာ’တဲ့။ ဆရာနဲ့ ကျွန်
၃၃ လမ်း အပေါ်ဘလောက်
ရှေ့မှာ ခေါ်မေးခိုင်းတာကို
တာပါပဲ။ ဆူချင် ဆူပလေ့စေ။

ဘဘဦးသုခကို အ
အုပ်ချုပ်ရေးမှူး ကိုဝင်းနိုင်တို့
ဘွဲ့ ပြောပြရာမှာ ကျွန်တော်
အမှတ်တရပါပဲ။

တစ်ခါတော့ စာတ
ကို ဗျူးရမယ် ဆိုတယ်။ သူ
အိမ်ရာမှာ သွားမေးရမယ်ဆို
ချက်နဲ့ ဆရာဦးမြလှိုင်ရော အ
ကြပါတယ်။ ဆရာကြီးက
ထိုင်နေပါတယ်။ ကျွန်တော်
လာပုံက အစ သိချင်ပါတ

ား’ဆိုတော့ ဆရာက ‘ဗိုလ်ချုပ်ဈေးထဲမှာ
သေးလားဆရာ’ ဆိုတော့ ‘ခပ်ဖိုင့်ဖိုင့် ဖြစ်နေ
တာ် ရယ်ဖြစ်ကြတယ်။ နောက်နေ့ကျတော့
ာ ပေဖူးလွှာရုံးခန်းမှာ ‘အဲဒီလို မမေးအောင်
မေးဖြစ်အောင်မေးတယ်’လို့ အဆူခံရတော့
မေးချင်တာ မေးလိုက်ရလို့ ကျေနပ်ပါတယ်။
င်တာဗျူးလုပ်ရာမှာတော့ ဦးခင်မောင်မြင့်နဲ့
လိုက်လာကြပါတယ်။ ဘဘက မိခင်မေတ္တာ
တို့ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရတာကလည်း

ည်းချုပ်က ဆရာကြီးဆန်းထွန်းမန်းတက္ကသိုလ်
့စာတွေ ရှာဖတ်ပေါ့။ တက္ကသိုလ်ဆရာများ
တော့ ‘ပေါက်ကရမမေးနဲ့’ဆိုတဲ့ စည်းကမ်း
န်ကယ် ဗိုလ်မှူးကြီးစောမြင့်တို့ပါ လိုက်လာ
ပစာပုံတွေအလယ် ပက်လက်ကုလားထိုင်နဲ့
မ်းနေကျအတိုင်း ‘ဆရာကြီး စာပေနယ်ရောက်
င်’လို့ မေးလိုက်တော့ ဆရာကြီးက သံနေ

သံထားနဲ့ မျက်စိပိတ်ပြီး ဖြေတော့တာပါပဲ။ ကျွန်တော့်စံချိန်က က
ကန့်သတ်ထားတဲ့ စာမျက်နှာအပြည့်ပါပဲ။ ပထမမေးခွန်းကို ဆရာဖြေ
မှာကလည်း အခွေအပို မပါတော့ ဆရာဦးမြလှိုင် ကားမောင်းပေးေ
ဝယ်ခိုင်းရတယ်။ ပထမအခွေ ဆိုက်ဘီပြည့်လည်း အဖြေက မပြီးေ
ပြီးပါတယ်။ ကျွန်တော်က ပါလာတဲ့ အယ်ချုပ်နှစ်ယောက်မျက်နှာ လှ
ခေါင်းယမ်းပြကြပါတယ်။ နောက်ထပ်လည်း ကျွန်တော် အင်တာဗျ

အယ်ဒီတာအဖွဲ့က ဘယ်သူနဲ့ ဗျူးပါဆိုတာ တစ်လ ကြိုေ
စာတွေ ဖတ်ရပါတယ်။ ဆရာ၊ ဆရာမတွေနဲ့ တိုက်ရိုက်ဆက်ဆံရဝ
ဒေါ်ခင်မျိုးချစ်ကို ဗျူးခိုင်းပါတယ်။ အဲဒီကာလမှာ ဆရာမကြီးက
သူ့စာတွေ ဆက်တိုက်ဖတ်တော့ ဘဝင်မကျတာတစ်ခု ရင်ထဲ ရေ
သွားတော့ ဆရာမကြီးက မျက်မှန်အမည်း၊ ဟာဝေယံရှပ်၊ သနပ်ခါ
မေးပြီးတဲ့နောက် နောက်ဆုံး ကျည်ဆန်ပစ်တော့မယ် ဆုံးဖြတ်လိုက်
နာမည်က ခင်မျိုးချစ်ဆိုတော့ အမျိုးကို ချစ်လို့ပေါ့နော်’ဆိုတော့
ဆရာမကြီးရဲ့ စာတွေထဲမှာ ဒီအင်္ဂလိပ်စာလေးကိုတော့ ဗမာလို မပြန်ရ
ကျွန်တော်တို့ မြန်မာစာက သူတို့စာလောက် ဝေါဟာရ မကြွယ်
(စကားအဖြစ် ပြောတာ မဟုတ်ပါဘူး။ တကယ် ထခုန်တာပါ) ‘မင်း
ဘယ်လက်ာကို ငါနဲ့ ပြိုင်ရွတ်မလဲ’လို့ စိန်ခေါ်ပါတော့တယ်။ ကျွန်တော

က်ဆက် စီ ၆၀ အေ၊ ဘီ နှစ်ဖက်ပြည့်ရင်
နေတာက ဆိုက်အေ ကုန်တော့မယ်။ ကျွန်တော့်
နတဲ့ ကိုတွတ်ကို လှည်းတန်းဈေး အခွေ ပြေး
သေးပါဘူး။ ဒုတိယခွေ ဆိုက်အေ ပြည့်ခါနီးမှ
မ်းကြည့်တော့ နှစ်ယောက်လုံး ငိုက်နေရာကနေ
ူးလုပ်တဲ့နေရာ မလိုက်ကြတော့ပါဘူး။
ပြောပါတယ်။ အဲဒီတစ်လအတွင်း ကျွန်တော်က
ာက ကျွန်တော်ပါ။ တစ်ခါတော့ ဆရာမကြီး
သောင်းပြောင်းထွေလာမှာ ရေးနေပါတယ်။
ာက်လာလို့ မှတ်ထားပါတယ်။ အင်တာဗျူးဖို့
းဘဲကျားနဲ့ အရိုက်ခံပါတယ်။ မေးချင်တာတွေ
ပြီး မေးပါတော့တယ်။ 'ဆရာမကြီး ကလောင်
'အေးပေါ့'တဲ့။ ဒီအထိ အိုကေပဲ။ 'ဒါပေမဲ့
က်ပါဘူးလို့ ရေးတာ ခဏခဏ တွေ့ရပါတယ်။
လို့ပါလား'။ ဆရာမကြီးက ထခုန်ပါတယ်။
မြန်မာစာ ဘယ်လောက်တတ်လို့လဲ။ ဘယ်ပျို့၊
မျှော်လင့်ပြီးသားအခြေအနေမို့ ရယ်နေလိုက်ပြီး

'တောင်းပန်ပါတယ် ဆရာမကြီး'လို့ ပြောလိုက်တယ်။ ကက်
ယူပြီး လစ်ရတော့တာပါပဲ။

မပြီးသေးပါဘူး။ အယ်ဒီတာအဖွဲ့က အဲဒီအင်တာ
မှတ်သုန်ကို ကယ်ရီကေးချား ဆွဲခိုင်းပြီး အဖြည့်ပုံတွေ
ကျွန်တော် စာအုပ်သွားပေးတော့ ဆရာမကြီးက ဝယ်ပြီးပါပြီ
ငါ့ကို စုန်းမလို့ ပြောချင်တာလား'ဆိုပြီး ကောပါလေရော။ ၂
ကျော်ကျော် အမေရိကားကို သွားလည်တော့ မြန်မာမိတ်ဆွေ
တယ်။ RFAမှာ တာဝန်ထမ်းဆောင်နေတဲ့ ကိုမောင်မောင်ဝ
ကြီးရဲ့ မြေးလို့ သိရတာကြောင့် 'အေးဗျာ··· လူကြီးကို
ဖြစ်သွားတယ်။ တကယ်တော့ ဆရာမကြီးက ကျွန်တော့်
လောက် ရှိပါတယ်'လို့ ပြောတော့ သူက 'အစ်ကို မေးတဲ့အ
မှာ ကျွန်တော်ရှိတယ်တဲ့'။ သေလိုက်ပါတော့။

လူကြီးတော်တော်များများနဲ့ အဆင်ပြေပေမဲ့ တစ်ခါ
အဆင်မပြေ ရှိတတ်ပါတယ်။ ဆရာဦးတက်တိုးကို အင်တ
တယ်။ ဓာတ်ပုံရိုက်လိုက်ပြီး အယ်ဒီတာအဖွဲ့က ဆရာ့ပုံကို ပ
ဆွဲခိုင်းလိုက်ပါတယ်။ ကိုစံတိုးကလည်း ကြိုးစားပမ်းစား ဆွဲ
ဓာတ်ပုံအတိုင်းပါပဲ။ စာအုပ်ထွက်လို့ ဆရာ့ကို စာအုပ်နဲ့အတူ

ဆက်ကောက်
ဖျူးမှာ ပန်းချီ
သုံးပါတယ်။
ပြီ။ 'မင်းတို့က
၀၀၀ ပြည့်နှစ်
တွေနဲ့ တွေ့ပါ
င်းက ဆရာမ
သွားစ,သလို
အသွားအရွယ်
ချိန်က အနား
ါတလေလည်း
ာဖျူးလုပ်ခိုင်း
န်းချီကိုစံတိုးနဲ့
ပေးထားတော့
ပန်းချီကားပါ

လက်ဆောင်သွားပေးတော့ ဆရာက ဒေါ်သတကြီး ဆီးကြိုပါတယ်။ 'မင်းတို့ပုံက ငါ့ရှေ့သွားတစ်ချောင်းကျိုးနေ
ဒီမှာကြည့် သွားမကျိုးဘူးကွ'ဆိုပြီး သွားတွေ စေ့ပြပါတယ်။ ဓာတ်ပုံရိုက်လိုက်တော့ ဆရာ့ရှေ့သွားတစ်ချော
ငွေသွားစိုက်ထားတာမို့ flash ထိပြီး ကပ်လျက်က တစ်ချောင်းကို မည်းသလို ဖြစ်သွားစေခဲ့တာပါ။ ကျွန်တော်
ပုံတူပန်းချီကားကိုလည်း 'ငါဆုတ်ပစ်လိုက်လိမ့်မယ်။ မင့်ပန်းချီကား ပြန်ယူသွား' ဆိုလို့ ပြန်ယူခဲ့ရပါတယ်။

တစ်ခါတလေမှာ ကျွန်တော်မေးတဲ့ မေးခွန်းက 'တိုက်'မေးသလို ဖြစ်တတ်ပါတယ်။ အမှန်က ကျွန်
ဘယ်ဟာ မှန်တယ်ဆိုတဲ့ စေတနာပါ။ ဆရာ အထောက်တော်လှအောင်ကို မေးတော့ ကျွန်တော်က 'ဆရာ သတ
များသည် သမိုင်းကို ပြောနေကြသည်လို့ ဆိုပါတယ်။ ဒီအဆိုပြုချက်အပေါ် ဆရာ ဘယ်လိုမြင်ပါသလဲ'ဆို
ဆရာက 'မင်းကော ဘယ်လိုမြင်သလဲလို့ တန်ပြန် ပြန်မေးပါတော့တယ်။ 'ကျွန်တော်ကတော့ မယုံဘူးဆရ
ဖြေလိုက်တော့ ဆရာက 'အဲဒါပဲပေါ့'လို့ ဖြေပါတယ်။ ဆရာမမြစိမ်းကို မေးရမယ်ဆိုတော့ သူ အမျိုးသားစာ
'**နောက်တိုး**'ကို ဖတ်ပါတယ်။ သူ့ဝတ္ထုထဲမှာ ပါတဲ့ ဖိုးစိန်ကြီးရဲ့ ဇာတိက ကျွန်တော် သိထားတာနဲ့ မတူဘူး။
တုန်းကတော့ မှတ်ဉာဏ်က ကောင်းသေးတာကိုး။) ဒါနဲ့ ဒေါ်အမာရေးတဲ့ '**အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး**'မှ
ရှာတော့ လွဲနေတာ သေချာတယ်။ ဆရာမမြစိမ်းကို အင်တာဗျူးလုပ်တော့ 'ဒီမေးခွန်းကို ကျွန်မ မဖြေချင်ဘူး' ချ
ငြင်းပါတယ်။ ဦးဖိုးစိန်ဇာတိက ဒေါ်အမာရေးတဲ့ ဇာတိနဲ့ မတူဘူးနော်လို့ မေးတော့ ဆရာမမြစိမ်းက 'ကျွ
ကိုယ်တိုင်သွားမေးတာ။ တပည့်တပန်းတွေ လွှတ်ပြီး မေးတာ မဟုတ်ဘူး'လို့ ဆိုတယ်။ ဒီအင်တာဗျူးကို ရေးရမယ့်
ဆရာဦးမြလှိုင်ကို ကျွန်တော် ခွင့်တောင်းလိုက်ပါတယ်။ ဆရာမက မဖြေချင်ဘူးဆိုတာတွေ များနေတဲ့အ
ကျွန်တော့်မေးခွန်းနဲ့ သူ့'မဖြေချင်ဘူး'ဆိုတာ ထည့်ပါရစေဆိုတော့ ထည့်ပါလို့ ခွင့်ပြုချက်ရပါတယ်။

ကျွန်တော့်ဇာတိက မန္တလေးပါ။ စာပေလောကထဲ မရောက်ခင်ကတည်းက အမေမာတို့၊ ဘဘ ဦးလ

ရင်းနှီးပြီးသားပါ။ ဒါကြောင့် မန္တလေးရောက်တော့ အမေမာကို သွားတွေ့ပါတယ်။ စကားပြောကြရင်း အမေက ‘မင်း အင်တာဗျူးတွေ ငါဖတ်ပါတယ်။ မင်း တိုက်မေးတာမျိုး ငါမကြိုက်ဘူး။ ကိုလှအောင်ကို ဦးလှနဲ့ တိုက်မေးတယ်၊ မြစိမ်းကို ငါနဲ့ တိုက်မေးတယ်။ အဲဒါမျိုး ငါမကြိုက်ဘူး’တဲ့။ လူကြီးနဲ့ လူငယ်ဆိုတော့ ‘ဟုတ်ကဲ့ပါ အမေ’ပေါ့။ အတွေ့အကြုံတွေက အများကြီးပါပဲ။

တစ်ခါတော့ ကျွန်တော်က ဆရာအောင်လင်းကို ဗျူးပါရစေလို့ ခွင့်တောင်းပါတယ်။ စာတည်းချုပ်က ‘ကိုအောင်လင်းက ကွန်မြူနစ်ပဲ။ မလုပ်ပါနဲ့’လို့ တားပါတယ်။ နည်းနည်းကြာတော့ တစ်ခါ ထပ်ပြောကြည့်ပါတယ်။ ကိုဝင်းငြိမ်း လုပ်ချင်လုပ်လို့ ခွင့်ပြုချက်ရတော့ ဖဆပလတိုက်ခန်းမှာ နေတဲ့ ဆရာ့ကို သွားတွေ့ပါတယ်။ ဆရာကလည်း လက်ခံပါတယ်။ ကျွန်တော် ဝမ်းသာအားရ စာအုပ်တွေ ဖတ်နေတုန်း ဆရာအောင်လင်း ဆုံးသွားခဲ့ပါတယ်။ နောက်ထပ် ဖဆပလတိုက်ခန်းမှာ နေတဲ့ ဆရာရန်ကုန်ဘဆွေနဲ့ ကျွန်တော် ဗျူးဖြစ်ပါသေးတယ်။ ဆရာက ခေါင်းထဲက ထိုးတဲ့ဒဏ် မခံနိုင်လို့ အုတ်နံရံကို ခေါင်းနဲ့ ပစ်ဆောင့်သတဲ့။ ဦးနှောက်နဲ့ အာရုံကြောဆေးရုံတင်လိုက်ရပါတယ်။ ဆရာ့ကို ဆေးရုံပေါ်မှာ သွားဗျူးခဲ့ပါတယ်။ သမိုင်းကြောင်းတွေ အများကြီး ပြောပြပါတယ်။ စာပေစိစစ်ရေးတင်တော့

င်ဆန်းနဲ့ ပတ်သက်တာတွေ ပါလို့ အထောက်အထားပြပါလို့ အကျပ်ကိုင်ပါတယ်။ သဘောကတော့
ဒါကြောင့် တစ်လသာ ပါခွင့်ရလိုက်ပါတယ်။

းလွှာမှာ ဆရာမဂျူးနဲ့ အင်တာဗျူးက နောက်ဆုံးပါပဲ။ ကျွန်တော့်ညီ မျိုးမြင့်ညိမ်း နိုင်ငံရေးပုဒ်မနဲ့
ာတစ်ကြောင်း၊ အယ်ဒီတာအဖွဲ့နဲ့ အဆင်မပြေတာကတစ်ကြောင်းကြောင့် ဆက်မရေးတော့ဘဲ ရွှေအမြု
၁၉၈၉ ခုနှစ်မှာ စတင် ထုတ်ဝေခဲ့ပါတယ်။ ထုတ်ဝေသူတစ်ယောက်က ကျွန်တော့်အင်တာဗျူးတွေ
ယ်ဆိုလို့ သုံးလေးယောက်တစ်တွဲ ထုတ်ဝေတာ အမှတ်သုံးအထိ ရောက်ပါတယ်။ စာအုပ် ကျွန်တော့်
ရှိသလို ထုတ်ဝေသူလည်း မမှတ်မိတော့ပါဘူး။ စုထားတဲ့ ပေးဖူးလွှာတွေကလည်း ဟိုတစ်အုပ်၊ ဒီ
က်ထဲမှာ ဘာမှမရှိတော့ဘူး။ အမှတ်မထင် အကယ်ဒမီ ကိုငြိမ်းမင်းက ကျွန်တော့်အင်တာဗျူးတွေချည့်
းတဲ့ စာအုပ်တစ်အုပ် ပေးလာပါတယ်။ ဒီစာအုပ်ရတော့ ကံ့ကော်ဝတ်ရည်စာပေတိုက်မှ မဝိုင်းနဲ့
နှစ်အုပ်ခွဲ ထုတ်ဖြစ်ပါတယ်။ ကျွန်တော့်မကောင်းတဲ့ အကျင့်က ထွက်လာတဲ့ စာအုပ်ကို ပြန်ဖတ်လေ့

၂ ရောက်လာတော့ ‘ငါတို့စာပေ’မှ မြေမှုန်လွင်က တစ်အုပ်တည်း ပေါင်းထုတ်ရအောင်ဆိုပြီး ကြိုးစား
ာ ကံ့ကော်ဝတ်ရည်က ထုတ်ထားတဲ့ စာအုပ်ပေးပြီး ကလေးမတစ်ယောက်ကို စာစီခိုင်းတယ်။ ပြီး
ပးပါ ဆိုပြီး ပေးလာတာကြောင့် ရွှေအမြုတေရဲ့ စာပြင်ဆရာ ကိုကျော်စိန်ဝင်းကို ဖတ်ခိုင်းလိုက်တော့
များနေတယ်။ ကံကောင်းချင်တော့ လောကအမွန်စာပေမှ ကိုကြည်ဝင်းကလည်း ကျွန်တော့်အင်တာဗျူး
ုပ်ထားတာ ရှိတယ်လို့ ဆိုတာကြောင့် မေတ္တာရပ်ခံပြီး ငှားကြပါတယ်။

တော် မှတ်မိတာက ဆရာ၊ ဆရာမ ၅၇ ယောက်ကို ဗျူးခဲ့ပါတယ်။ ပထမဆုံး အုပ်တွဲ ထွက်စဉ်က

ဆရာချစ်ဦးညိုက တားတာကြောင့် ၅၆ ယောက် ကျန်တယ်။ ကံ့ကော်ဝတ်ရည်မှူမှာက ဆရာ၊ ဆရာမ ၅၅ ယောက်ပဲ ပါတယ်။ ဆရာမခွေခွေအောင် ပါမလာဘူး။ တချို့စာတွေ ကျနေတယ်။ ဥပမာ ဆရာမစမ်းစမ်းနွဲ့ကို အင်တာဗျူး အဆုံးသတ်ခါနီးမှာ နေရပ်လိပ်စာမေးတာ အဖြေပါမလာပါဘူး။

ဒါကြောင့် ကိုကြည်ဝင်းစာအုပ်နဲ့ ပြန်ရိုက်ကြမယ်လို့ စီစဉ်ကြပါတယ်။ ရိုက်ပြီးသား စာမူတွေနဲ့ ကျွန်တော် လုံးလည်လိုက်နေတဲ့ တစ်နေ့ ကံ့ကော်ဝတ်ရည် စာပေတိုက်မှ မဝိုင်းက ဒေါ်ပတ္တမြားခင်ရဲ့ **သန္တာစမ်းမှ အလွမ်းစာ** ပေးဖို့ ရောက်လာပါတယ်။ ဘာလုပ်နေတာလဲ ဆိုတာနဲ့ ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်ပါတယ်။ မဝိုင်းက သူ့ဆီမှာ ရှိနေသေးရင် သူ့မူကို ယူပါ၊ ငါတို့စာပေက လက်ခံရင်ပေါ့လို့ ဆိုပါတယ်။ ကိစ္စတစ်ခုနဲ့ ပြည်ပရောက်နေတဲ့ မြေမှူန်လွင်ကို လှမ်းပြောတော့ ယူမယ်၊ သို့သော် သူ့တိုက်က သုံးတဲ့ Font တော့ ပြင်မယ်လို့ ဆိုပါတယ်။ ဒါနဲ့ပဲ မဝိုင်းဆီက စာစီပြီးသားရလိုက်ပြီး ပြင်စရာရှိတာတွေ ပြင်ရပါတယ်။

စာမျက်နှာဖွဲ့ဖို့လုပ်တော့ မြေမှူန်လွင်က ဆရာ၊ ဆရာမတွေပုံကို ပေဖူးလွှာထဲကအတိုင်း လိုချင်သလို Display ကလည်း ပေဖူးလွှာလို ဖြစ်ချင်တယ်ဆိုတာကြောင့် မျိုးမြင့်ညိမ်းက ဒီစာအုပ်ကို သူ့ရုံးရှိရာ တော်ဝင်စင်တာမှာ စိမ်းလဲ့စံနဲ့ စာမျက်နှာဖွဲ့ခဲ့ပါတယ်။

ဒီစာအုပ်ဖြစ်ပေါ်လာတဲ့အတွက် ထုဝ
ပုံများ ရရှိရေးအတွက် ကူညီသူ ကိုကြည်ဝင်း(လေ
စာမျက်နှာဖွဲ့ရာမှာ စိတ်ရှည်ရှည်နဲ့ လုပ်ပေးခဲ့တဲ့
ကျေးဇူးတင်ပါတယ်။

တကယ်တော့ ဒီစာအုပ်က ကျွန်တော့်
ဖြေဆိုပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမ ၅၆ ဦးတို့ရဲ့
တင် သတိရနေရမယ့်သူတွေ ရှိပါသေးတယ်။
စိုင်းဘုန်းထူးနဲ့ တခြား ဆရာများပါ။ သူတို့ ရိုက်လ
သုံးတဲ့အခါ သုံးပါတယ်။ ဒီစာအုပ်ကို ပေဖူးလွှာ
အဲဒီအတွက် ခွင့်ပြုပေးကြပါလို့ သက်ဆိုင်ရာပ

ဂ်ဝေသူ ငါတို့စာပေ၊ ကူညီသူ ကံ့ကော်ဝတ်ရည်စာပေမှ မဝိုင်း၊
ာကအမွှန်) အစ်ကိုဖြစ်စေချင်တာကို ဖြည့်ဆည်းပေးတဲ့ညီ မျိုးမြင့်ညိမ်း၊
စိမ်းလဲ့စံ၊ မျက်နှာဖုံးပန်းချီ မြင့်မောင်ကျော်တို့ကို လှိုက်လှိုက်လှဲလှဲ

ကို နှစ်လေးဆယ် ပြန်ငယ်သွားစေခဲ့တဲ့ စာအုပ်ဆိုရင် မမှားပါဘူး။
ကျေးဇူးကိုလည်း အစဉ်အမြဲ သတိရနေမှာပါ။ နောက်ထပ် ကျေးဇူး
ပေဖူးလွှာရဲ့ ပင်တိုင်ကာတွန်းဆရာများဖြစ်တဲ့ တက္ကသိုလ်အေးမြင့်၊
ဘခဲ့တဲ့ ကာတွန်းတွေကို ပန်းချီဆရာနဲ့ ဆွဲတဲ့အခါ ဆွဲ၊ ကာတွန်းသက်သက်
အတိုင်း လုပ်မယ်ဆိုတော့ ကာတွန်းတွေ၊ ပန်းချီတွေ ပြန်သုံးရပါတယ်။
ညာရှင်များကို အနူးအညွတ် မေတ္တာရပ်ခံပါတယ်။

လေးစားချစ်ခင်စွာဖြင့်

ဝင်းငြိမ်း